# ဝန်ဖိုကျေးရွာ

# မြိတ်မြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၂- ၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဝန်ဖိုကျေးရွာ၊မြိတ်မြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြိတ်မြို့နယ်နှင့်

ဝန်ဖိုကျေးရွာဖွံ့ဖြိုးရေးကော်မတီတို့ကူညီရေးဆွဲသည်)

၂၀၂၂ခုနှစ်၊ဩဂုတ်လ

မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | ၄ |
| | **ဝန်ဖို့ကျေးရွာသယံဇာတပြမြေပုံ၊မြိတ်မြို့နယ်** | ၆ |
| ၁။ | **တည်နေရာနှင့်ပထဝီဝင်အနေအထား** | ၈ |
| ၂။ | **ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ** | ၈ |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ** | ၈ |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | ၉ |
| | (က) သီးနှံစိုက်ပျိုးရေး | ၉ |
| | (ခ) မွေးမြူရေးလုပ်ငန်းနှင့်ငါးလုပ်ငန်း | ၉ |
| | (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ | ၁၀ |
| | (ဃ) စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၁၀ |
| | (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု | ၁၁ |
| ၅။ | **အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ** | ၁၁ |
| | (က) ကျေးလက်သယ်ယူပို့ဆောင်ရေး | ၁၁ |
| | (ခ) ကျေးရွာမီးလင်းရေး | ၁၂ |
| | (ဂ) သတင်းနှင့်ဆက်သွယ်ရေး | ၁၂ |
| ၆။ | **ပညာရေး** | ၁၂ |
| ၇။ | **ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး** | ၁၂ |
| ၈။ | **ဘေးန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၁၃ |
| ၉။ | **ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ** | ၁၃ |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ** | ၁၄ |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း | ၁၇ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ | ၁၈ |
| | **နောက်ဆက်တွဲ (၃)** ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား | ၇၄ |
| | **နောက်ဆက်တွဲ (၄)** ဦးစားပေးစီမံချက်အဆိုပြုလွှာ (၁) | ၇၆ |
| | **နောက်ဆက်တွဲ (၅)** ဦးစားပေးစီမံချက်အဆိုပြုလွှာ (၂) | ၇၈ |

| | | |
|---|---|---|
| | **နောက်ဆက်တွဲ** (၆) ဦးစားပေးစီမံချက်အဆိုပြုလွှာ (၃) | ၈၀ |
| | **နောက်ဆက်တွဲ** (၇) ဦးစားပေးစီမံချက်အဆိုပြုလွှာ (၄) | ၈၂ |
| | **နောက်ဆက်တွဲ** (၈) ဦးစားပေးစီမံချက်အဆိုပြုလွှာ (၅) | ၈၄ |
| | **နောက်ဆက်တွဲ** (၉) ဦးစားပေးစီမံချက်အဆိုပြုလွှာ (၆) | ၈၆ |
| | **နောက်ဆက်တွဲ** (၁၀) ဦးစားပေးစီမံချက်အဆိုပြုလွှာ (၇) | ၈၈ |
| | **နောက်ဆက်တွဲ** (၁၁) ဦးစားပေးစီမံချက်အဆိုပြုလွှာ (၈) | ၉၀ |
| | **နောက်ဆက်တွဲ** (၁၂) ဦးစားပေးစီမံချက်အဆိုပြုလွှာ (၉) | ၉၂ |
| | **နောက်ဆက်တွဲ** (၁၃) ဦးစားပေးစီမံချက်အဆိုပြုလွှာ (၁၀) | ၉၄ |
| | **နောက်ဆက်တွဲ** (၁၄) ဦးစားပေးစီမံချက်အဆိုပြုလွှာ (၁၁) | ၉၆ |
| | **နောက်ဆက်တွဲ** (၁၅) ဦးစားပေးစီမံချက်အဆိုပြုလွှာ (၁၂) | ၉၈ |
| | **နောက်ဆက်တွဲ** (၁၆) ဦးစားပေးစီမံချက်အဆိုပြုလွှာ (၁၃) | ၁၀၀ |
| | **နောက်ဆက်တွဲ** (၁၇) ဦးစားပေးစီမံချက်အဆိုပြုလွှာ (၁၄) | ၁၀၂ |
| | **နောက်ဆက်တွဲ** (၁၈) ဦးစားပေးစီမံချက်အဆိုပြုလွှာ (၁၅) | ၁၀၄ |
| | **နောက်ဆက်တွဲ** (၁၉) ဦးစားပေးစီမံချက်အဆိုပြုလွှာ (၁၆) | ၁၀၆ |
| | **နောက်ဆက်တွဲ** (၂၀) ဦးစားပေးစီမံချက်အဆိုပြုလွှာ (၁၇) | ၁၀၈ |
| | **နောက်ဆက်တွဲ** (၂၁) ဦးစားပေးစီမံချက်အဆိုပြုလွှာ (၁၈) | ၁၁၀ |
| | **နောက်ဆက်တွဲ** (၂၂) ဦးစားပေးစီမံချက်အဆိုပြုလွှာ (၁၉) | ၁၁၂ |
| | **နောက်ဆက်တွဲ** (၂၃) ဦးစားပေးစီမံချက်အဆိုပြုလွှာ (၂၀) | ၁၁၄ |
| | **နောက်ဆက်တွဲ** (၂၄) ဦးစားပေးစီမံချက်အဆိုပြုလွှာ (၂၁) | ၁၁၆ |
| | **နောက်ဆက်တွဲ** (၂၅) ဦးစားပေးစီမံချက်အဆိုပြုလွှာ (၂၂) | ၁၁၈ |
| | **နောက်ဆက်တွဲ** (၂၆) ဦးစားပေးစီမံချက်အဆိုပြုလွှာ (၂၃) | ၁၂၀ |
| | **နောက်ဆက်တွဲ** (၂၇) ဦးစားပေးစီမံချက်အဆိုပြုလွှာ (၂၄) | ၁၂၂ |
| | **နောက်ဆက်တွဲ** (၂၈) ဦးစားပေးစီမံချက်အဆိုပြုလွှာ (၂၅) | ၁၂၄ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ကျေးရွာ၏ လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့်၂၀၂၂/၂၀၂၃ဘဏ္ဍာရေးနှစ်မှ၂၀၂၆/၂၀၂၇ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်း များကိုလည်းကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင်ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစနစ်တကျပူးပေါင်းပါဝင် ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမက နည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဝန်ထမ်းများကစီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့်ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင်ကိန်းဂဏန်းနှင့်သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။
ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့်ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့် အရောက်တွင် လုပ်ငန်းတိုးတက်မှုပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်း အစီအစဉ်များကို မူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာနအသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။

ဆက်လက်၍ နောင်တွင်လည်းကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အဓိကအားဖြင့်ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ စသည်တို့ကို အဓိကထားဖော်ပြထားပါသည်။

ဩဂုတ်လ၊၂၀၂၂ — ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဝန်ဖို့ကျေးရွာ

မြိတ်မြို့နယ်

## ဝန်ဖို့ကျေးရွာသယံဇာတပြမြေပုံ



## Seasonal Calendar



## အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ



## ဥစ္စာဓနအဆင့်သတ်မှတ်ခြင်း

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့်ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေးလုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၃၇ | ၆၀ | ၉၃ | ၅၂ |

**၁။တည်နေရာနှင့်ပထဝီဝင်အနေအထား**

ဝန်ဖိုကျေးရွာသည် ကျောက်ဖျာကျေးရွာအုပ်စု၊ မြိတ်မြို့နယ်တွင်ပါဝင်ပြီး မြောက်လတ္တီကျူ၁၂ဒီဂရီ၂၉မိနစ်၄၉စက္ကန့်နှင့်အရှေ့လောင်ဂျီကျူ၉၈ဒီဂရီ ၄၃မိနစ်၃၀စက္ကန့် အကြားတွင်တည်ရှိပါသည်။ ဝန်ဖိုကျေးရွာ၏အရှေ့ဘက်တွင် ဇဝဲကျေးရွာ၊ တောင်ဘက်တွင် ရေမြစ်ကြီးကျေးရွာ၊ မြောက်ဘက်တွင် ပရည်တောင်ကျေးရွာ၊ အနောက်ဘက်တွင် ကျွဲကူးကျေးရွာတို့ရှိပါသည်။ တောင်ဘက်တွင်တနင်္သာရီမြစ်၊ အရှေ့မြောက်ဘက်တွင် ကျွဲကူး-ကျောက်ဖျာမြစ်များ ဝန်းရံထားပါသည်။

**၂။ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ**

ဝန်ဖိုကျေးရွာသည်ပူအိုက်စွတ်စိုသောရာသီဥတုရှိပြီးအမြင့်ဆုံးပူချိန် (၃၈) ဒီဂရီ စင်တီဂရိတ်နှင့် အနိမ့်ဆုံးအပူချိန်မှာ (၂၂) ဒီဂရီစင်တီဂရိတ်ဖြစ်ပါသည်။ ဝန်ဖိုကျေးရွာ၏ အမြင့်ဆုံးမိုးရေချိန်မှာ (၁၈၇.၃၉) လက်မဖြစ်ပြီးအနိမ့်ဆုံးမိုးရေချိန်မှာ (၁၀၅.၉၂) လက်မ ဖြစ်ပါသည်။ နွေရာသီတွင်အမြင့်ဆုံးအပူချိန်မှာ ၃၈.၅ဒီဂရီစင်တီဂရိတ်နှင့် အနိမ့်ဆုံး အပူချိန်မှာ၃၅.၅ဒီဂရီစင်တီဂရိတ်ဖြစ်ပါသည်။ ဆောင်းရာသီတွင် အမြင့်ဆုံးအပူချိန်မှာ ၂၁.၅ဒီဂရီစင်တီဂရိတ်နှင့်အနိမ့်ဆုံးအပူချိန်မှာ၁၄.၅ဒီဂရီစင်တီဂရိတ်တို့ဖြစ်ပါသည်။ ဝန်ဖို ကျေးရွာတွင် သဘာဝအလျောက်ပေါက်ရောက်သည့်သဘာဝပေါက်ပင်များမှာကညင်၊ ဥပွယ်၊ လေသရက်၊ တောရှောက်မြစ်၊ တကူ၊ သစ်ယာ၊ ပိတောက်၊ သင်္ကန်းနှင့်အခြား သစ်မျိုးများပေါက်ရောက်ပါသည်။

**၃။ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ**

ဝန်ဖိုကျေးရွာတွင်ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေမှာကောင်းမွန်ပါသည်။ ကျေးရွာ၏လူမှုရေး၊ပညာရေး၊ဘေးကင်းလုံခြုံရေးတို့အတွက်ရည်ရွယ်၍အုပ်ချုပ်ရေးအဖွဲ့၊ဂေါပကအဖွဲ့၊ ပရဟိတအဖွဲ့၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ ကာလသား/သမီးအဖွဲ့၊ အိမ်ထောင်ငယ်အဖွဲ့၊မိန်းမကြီးအဖွဲ့၊နာရေးကူညီမှုအသင်း၊ မီးသတ်တပ်ဖွဲ့၊ အမျိုးသမီးရေးရာ စသည်ဖြင့် အဖွဲ့အစည်းများကို ဖွဲ့စည်းထားရှိပါသည်။ အဖွဲ့အချင်းချင်းဆက်သွယ် ဆောင်ရွက်မှုအားကောင်းလျက်ရှိပါသည်။ ယခုအခါတွင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ/သားများကိုယ်တိုင် ပူးပေါင်းပါဝင်ကာရွေးချယ်ဖွဲ့စည်းခဲ့ပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တွင်ပါဝင်သောဦးစားပေးလုပ်ငန်းများအားသက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့ အစည်းများနှင့်ချိတ်ဆက်ဆောင်ရွက်သွားပါမည်။ ကျေးရွာတွင်ပြင်ပအဖွဲ့အစည်းဖြစ်သည့် ,Vision Fund, KNB အဖွဲ့အစည်း(2)ဖွဲ့ ဝင်ရောက်လျက်ရှိပါသည်။ ငွေကြေးကဏ္ဍအတွက်

သာဝင်ရောက်သည့်အဖွဲ့အစည်းဖြစ်ပါသည်။ အခြားသောကဏ္ဍများ ဖွံ့ဖြိုးရေးအတွက် လုပ်ဆောင်ပေးနေသည့်ကျန်ရှိသောအဖွဲ့များအားချိတ်ဆက်လုပ်ဆောင်ရန်လိုအပ်နေပါသည်။

**၄။စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

(က) **သီးနှံစိုက်ပျိုးရေး**

ဝန်ဖို့ကျေးရွာတွင် အဓိကစိုက်ပျိုးသည့်သီးနှံမှာ ဆန်စပါးဖြစ်ပြီး တစ်နိုင်တစ်ပိုင်အဖြစ်ခနိဖက်လုပ်ငန်းကိုလုပ်ကိုင်ကြပါသည်။ စိုက်ပျိုးသည့်လယ်ယာမြေများသည် မြေဆီလွှာများပျက်စီးခြင်း၊ သီးနှံအထွက်နှုန်းနည်းခြင်း၊ ဆားငန်ရေဝင်ရောက်ခြင်း၊ သီးနှံပိုးမွှားရောဂါကျရောက်ခြင်းများရှိသည့်အတွက် ဈေးကွက်မမီသည့် သီးနှံများ ထုတ်လုပ်မှုဖြစ်ပေါ်လျက်ရှိပါသည်။ ရော်ဘာဈေးနှုန်းသည်ကျဆင်းလျက်ရှိသည့်အတွက် အခက်အခဲများဖြစ်နေပါသည်။ လယ်ယာလုပ်ငန်းလုပ်ကိုင်သူအများစုသည် ကိုယ်ပိုင်စက်ကိရိယာများဖြင့် လုပ်ကိုင်ကြပါ သည်။

သီးနှံထုတ်လုပ်မှုအတွက်အဓိကပြဿနာမှာစိုက်ပျိုးရေရှားပါးခြင်း၊ ပိုးမွှားရောဂါကျရောက်မှုအများဆုံးဖြစ်ပေါ်ပါသည်။ သီးနှံမျိုးစေ့ရရှိနိုင်မှု၊သဘာဝမြေဆွေး/ အော်ဂဲနစ်သွင်းအားစုများ၊ ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ အလွယ်တကူမရရှိသည့်အတွက်မျိုးကောင်းမျိုးသန့်များရရှိနိုင်သည့်နေရာများအားချိတ်ဆက်ဆောင်ရွက်ရန်နှင့် စိုက်ပျိုးရေးနည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချပေးရန် လိုအပ်လျက်ရှိပါသည်။

(ခ) **မွေးမြူရေးနှင့်ငါးလုပ်ငန်း**

**ဝန်ဖို့**ကျေးရွာတွင် စီးပွားဖြစ်မွေးမြူရေးပြုလုပ်သည့် အိမ်ထောင်စု**အနည်းငယ်**ရှိပါသည်။ အများစုမှာ ကျွဲ၊နွား၊ကြက်၊ဝက်၊ဘဲတို့ကို တစ်ပိုင်တစ်နိုင်မွေးမြူသည့် အိမ်ထောင်စုများဖြစ်ကြပါသည်။ အချို့အိမ်ထောင်စုများမှာစီးပွားဖြစ်မွေးမြူသော်လည်း **အရင်းအနှီးမရှိခြင်းနှင့် နည်းပညာအားနည်းခြင်းတို့ကြောင့်** ဈေးကောင်းမရရှိသည့်အတွက် ကျေးရွာတွင်သာ ရောင်းချကြခြင်း၊ မျိုးကောင်းမျိုးသန့်များရရှိရန် လိုအပ်လျက် ရှိပါသည်။ တိရစ္ဆာန်ရောဂါကျရောက်မှုရှိသည့်အတွက် မွေးမြူရေးနှင့်နည်းပညာဆိုင်ရာ ဗဟုသုတ တိုးတက်လာစေရန် နည်းပညာဝန်ဆောင်မှုနှင့် သင်တန်းများလုပ်ဆောင်ပေးနိုင်ပါက စီးပွားဖြစ်မွေးမြူလာနိုင်ကြပါမည်။ကျေးရွာတွင်ကမ်းနီးငါးဖမ်းလုပ်ငန်းနှင့် ကမ်းဝေးငါးဖမ်းလုပ်ငန်း လုပ်ကိုင်သည့်အိမ်ထောင်စု**အချို့**ရှိပါသည်။

**ဝန်ဖို့**ကျေးရွာတွင်မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် အခွင့်အလမ်းများမှာ သွင်းအားစုများ၊ မျိုးကောင်းတိရစ္ဆာန်များကိုအသင့်အတင့်ဝယ်ယူရရှိနိုင်ပါသည်။ ငါးလုပ်ငန်း

များ အတွက်ငါး/ပုစွန်များကိုရောင်းချရာတွင် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင် ပါသည်။ မွေးမြူရေးနှင့်သက်ဆိုင်သောနည်းပညာပေးသင်တန်းများ၊ မျိုးကောင်းမျိုးသန့် ရရှိနိုင်သည့် နေရာများ၊ မွေးမြူသည့်နည်းစနစ်များရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ် လျက်ရှိပါသည်။

**ဝန်ဖို့**ကျေးရွာတွင် မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုအတွက် ပြဿနာများမှာ စားကျက်မြေရှားပါးခြင်းအခက်အခဲများရှိပါသည်။ ငါးလုပ်ငန်းအတွက် ပြဿာနာ အခက်အခဲများမှာ ငါး/ပုစွန်သားပေါက်များလက်လှမ်းမီမှုမရှိခြင်း၊ သွင်းအားစုများဝယ်ယူ၍ မရရှိခြင်း၊ နည်းပညာအကူအညီနှင့်နည်းလမ်းများမသိရှိခြင်း စသည့်အခက်အခဲများ ဖြစ်ရှိပါသည်။ ထို့ကြောင့် ကျေးရွာတွင်ငါး/ပုစွန်လုပ်ငန်းလုပ်ကိုင်ရန်အတွက် နည်းပညာ သင်တန်းများဖွင့်လှစ်ပို့ချရန်လိုအပ်လျက်ရှိပါသည်။

### (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ

**ဝန်ဖို့**ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သောဝင်ငွေရလုပ်ငန်းများမှာ အပ်ချုပ် သမား၊ လက်ဖက်ရည်ဆိုင်၊ ကုန်စုံဆိုင်၊ လက်သမား၊ ပန်းရံလုပ်ငန်းစသည် တို့ဖြင့်လုပ်ကိုင်ကြပါသည်။ ဥယျာဉ်ခြံများတွင် အငှားလိုက်လုပ်သူလယ်ယာစိုက်ပျိုးရေးတွင် အငှားလုပ်သူစသည့် ကျပန်းလုပ်ငန်းလုပ်ကိုင်သူများ ဖြစ်ပါသည်။ အလုပ်အကိုင် အခွင့်အလမ်းမှာနည်းပါးပြီးကျွမ်းကျင်လုပ်သားရှားပါးပါသည်။

**ဝန်ဖို့**ကျေးရွာတွင်စိုက်ပျိုးမွေးမြူရေးမဟုတ်သောဝင်ငွေရလုပ်ငန်းများ၏ ပြဿနာမှာ အခြားဒေသထွက်ကုန်များမှာလည်း ဈေးကွက်မရှိခြင်း၊ လျှပ်စစ်မီးအနေဖြင့် **ကျေးရွာတွင် သုံးစွဲနိုင်ခြင်းမရှိပါ။** အချို့အိမ်များမှာ ဆိုလာမီး၊ ဖယောင်းတိုင်မီးနှင့် ရေနံဆီမီးခွက်များကို သုံးစွဲနေကြပြီးမီးဘေးအန္တရာယ်အတွက်လည်းစိုးရိမ်မှုဖြစ်ရပါသည်။ အဆင်ပြေသည့် အိမ်ထောင်စုများမှ သားသမီးများသာ အသက်မွေးဝမ်းကျောင်းပညာများ သင်ယူနိုင်သည့် အခွင့်အရေးရှိပြီးဆင်းရဲသည့်မိသားစုများအတွက်အခွင့်အရေးနည်းပါးပါသည်။ ထို့ကြောင့် ကျေးရွာတွင်ရှိသောလူငယ်များအတွက် အသက်မွေးဝမ်းကျောင်းပညာ သင်တန်းများ ဖွင့်လှစ်ပို့ချပေးရန်လိုအပ်နေပါသည်။

### (ဃ) စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး

**ဝန်ဖို့**ကျေးရွာတွင်အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့်**လယ်ယာ**စိုက်ပျိုးရေးကိုအဓိက လုပ်ကိုင်ကြပြီး**ဆန်စပါးကိုကူးသန်းရောင်းဝယ်ကြပါသည်။** ရေလုပ်ငန်းဖြင့် အသက်မွေးဝမ်း ကျောင်းပြုလုပ်သည့်အိမ်ထောင်စုအများစုမှာ၊ ငါး၊ပုစွန်များကို ရောင်းဝယ် ခြင်း၊ ငပိ၊ ပုစွန်ခြောက်၊ ငါးခြောက်များကို အဓိက ကူးသန်းရောင်းဝယ်ကြပါသည်။ **ခြံထွက်သီးနှံ အချို့နှင့်ဆောင်သီးနှံအချို့ကိုလည်းရောင်းဝယ်ကြပါသည်။ ဓနိဖက်လုပ်ငန်းနှင့် ဓနိပျား**

ရောင်းဝယ်ရေးကိုလည်းတစ်နိုင်တစ်ပိုင်လုပ်ကိုင်ကြပါသည်။

**(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု**

**ဝန်ဖို့**ကျေးရွာတွင်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် တောင်သူလယ်သမားများထံမှအပေါင်ခံပစ္စည်းပုံစံ (၇) ရှိမှသာချေးငွေများကိုကာလလတ်ချေးငွေဖြင့် ချေးပေးလျက်ရှိပါသည်။ အများစုသည်ချေးငွေကိုအကြောင်းရင်းမျိုးစုံ (ရိက္ခာ၊ကျန်းမာရေး၊ပညာရေး) တို့အတွက်အထူးသဖြင့်စားနပ်ရိက္ခာအတွက်ချေးယူကြပါသည်။ ငါးလုပ်ငန်းဦးစီးဌာနမှ မြစိမ်းရောင်ချေးငွေ၊ Vission Fun, KNB အဖွဲ့တို့မှ ချေးငွေများလည်းရရှိသည့်အတွက် ကျေးရွာအတွက်အဆင်ပြေလှပါသည်။

**၅။အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ**

**(က) ကျေးလက်သယ်ယူပို့ဆောင်ရေး**

**ဝန်ဖို့**ကျေးရွာတွင် စက်ဘီးမှာ ကျောင်းသား/သူများသွားလာရေးအတွက် အသုံးပြု၍ မော်တော်ဆိုင်ကယ်များကိုသာအဓိကထားအသုံးပြုပါသည်။ ဆိုင်ကယ်စီးရေမှာ (၉၀) စီး၊ **သုံးဘီးဆိုင်ကယ်**(၄)**စီး၊**ထော်လာဂျီ(၁၀)စီး၊ ကား(၅)စီး၊ လှေ/သမ္ဗာန်(၂၂)၊ စက်လှေ (၇၉)စီး ရှိပြီးရွာ၏သယ်ယူပို့ဆောင်ရေးကိုအဓိကလုပ်ဆောင်ကြပါသည်။

ဝန်ဖို့ကျေးရွာတွင်လမ်းများသည် မြေသားလမ်းအဆင့်တွင်ရှိနေ၍ ကွန်ကရစ်လမ်းသို့ ဆက်လက်ခင်းရန်လိုအပ်လျက်ရှိပါသည်။ မိုးရာသီတွင်ရေကြီးပြီးပျက်စီးခြင်းများရှိသဖြင့် ပညာရေး၊လူမှုရေး၊ကျန်းမာရေးစသည့်ကိစ္စအဖက်ဖက်မှသွားလာရခက်ခဲနေပါသည်။

**(ခ) ကျေးရွာမီးလင်းရေး**

**ဝန်ဖို့**ကျေးရွာတွင်ဆိုလာအသုံးပြုသည့်အိမ်ထောင်စု(၁၂၂)စုနှင့်မပြေလည်သည့် အိမ်ထောင်စုများမှာ ရေနံဆီမီးခွက်၊ ဖယောင်းတိုင်ဖြင့်သုံးစွဲကြပါသည်။ လျှပ်စစ်မီး ရရှိလာပါက ကျောင်းသား/သူများ ပညာရေးတိုးတက်လာမှုနှင့် ကျေးရွာအတွင်းတွင် အသေးစား စီးပွားရေးလုပ်ငန်းများတိုးတက်လာစေရန်အတွက်အထောက်အပံ့ဖြစ်စေနိုင်ပါလိမ့်မည်။

ယခုလက်ရှိတွင်ကျေးရွာမှဒီဇယ်အင်ဂျင်မီးဖြင့် အိမ်ထောင်စု(၅၃)စု မီးလင်းမှုရရှိနေပြီး ၂၀၂၃-၂၀၄ ခု၊ ဘဏ္ဍာရေးနှစ်တွင် ၂၄နာရီ လျှပ်စစ်မီးလင်းမှု ရရှိမည်ဖြစ်သည့်အတွက်ကျောင်းသားများ၏ပညာရေးတိုးတက်လာစေမှုနှင့်ကျေးရွာအတွင်းအသေး စားစီးပွားရေးလုပ်ငန်းများတိုးတက်လာစေမှုကိုအထောက်အပံ့ဖြစ်စေပါမည်။

## (ဂ) သတင်းနှင့်ဆက်သွယ်ရေး

ဝန်ဖို့ကျေးရွာတွင်ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်များကိုဖုန်း (၂၀၉) လုံး၊ ရေဒီယို (၂၄)လုံး၊တီဗွီ (၈၉) လုံး၊ဂြိုလ်တုစလောင်း(၈၉) လုံးစသည်တို့မှ သတင်းအချက်အလက်များရရှိပါသည်။ အင်တာနက်လိုင်းမှာအသုံးပြုရနေ့းပါသည်။ လျှပ်စစ်မီး မရရှိသေးသည့်အတွက်ဖုန်းများကို အားသွင်းရန်အခက်အခဲရှိနေပြီး သတင်းများကို အချိန်မှီမသိရှိနိုင်သည့်အခက်အခဲများလည်းရှိနေပါသည်။ ကျေးရွာ၏ အချို့နေရာများတွင် ဖုန်းလိုင်းမမိသည့်အခြေအနေများရှိပါသည်။

## ၆။ပညာရေး

**ဝန်ဖို့ကျေးရွာတွင်စာမတတ်သည့်ကျေးရွာသူ/သား(၄)ဦးရှိပါသည်။**ဘွဲ့ရသူဦးရေ (၁၈) ဦးအထိရှိနေပြီဖြစ်သည်။မူလတန်းပညာပြီးမြောက်မှုမှာ (၃၉၃) ဦး၊ အလယ်တန်းပညာပြီးမြောက်မှုမှာ (၃၄၇) ဦးရှိပြီးအထက်တန်းပညာပြီးမြောက်မှုတွင် သိသာစွာ လျော့နည်းလာပါသည်။ အထက်တန်းပညာပြီးဆုံးရေးသည် ပညာရေးတိုးတက်မှုအတွက် အဓိကဖြစ်ပြီး မူလတန်းအဆင့်နှင့်အလယ်တန်းအဆင့်သာအတန်းပညာပြီးမြောက်မှုများပြားနေပါသည်။

**ဝန်ဖို့**ကျေးရွာအတွင်းရှိအ.မ.က မူလွန်ကျောင်းတွင် စာသင်ကြားနေသော ကျောင်းသား/ သူဦးရေ (၅၀)ကျော်ရှိပါသည်။ ကျောင်းတွင်စာသင်ဆောင်(၂)ဆောင်ရှိပါသည်။ ကျေးရွာတွင်ယခုလက်ရှိပညာသင်ကြားလျက်ရှိသော မူလတန်(၈၉)ဦး၊ အလယ်တန်း(၄၉)ဦး၊ အထက်တန်း(၁၁)ဦးနှင့် တက္ကသိုလ်ကျောင်း/သက်မွေး တက္ကသိုလ်ကျောင်းများတွင် ပညာသင်ကြားနေသာ ကျောင်းသား/သူ(၁၁)ဦးတို့ရှိကြပါသည်။ **စာသင်**ကျောင်းတွင် ပြတင်းတံခါးပြုပြင်ခြင်းနှင့် စာသင်ကျောင်းအိမ်သာပြုပြင်ရန် လိုအပ်လျက်ရှိပါသည်။

မူလတန်းအဆင့်အခမဲ့ပညာရေးစနစ်ကို အကောင်အထည်ဖော်နေသည့်အတွက် ဆင်းရဲသောမိသားစုများအတွက်လည်း အခက်အခဲမရှိကျောင်းတက်ခွင့်ရနေပါသည်။ ကျောင်းသား၊ ကျောင်းသူများအား စာကျက်ဖြစ်စေရန် တိုက်တွန်းအားပေးရန်နှင့် စာကျက်ဝိုင်းများပြုလုပ်ပေးရန်အတွက် မိဘများမှဝိုင်းဝန်းဆောင်ရွက်ရန်မှာ အရေးပါလှပါသည်။

## ၇။ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ဝန်ဖို့ကျေးရွာတွင်ကျေးလက်ကျန်းမာရေးဌာနမရှိပါ။ သို့ရာတွင် အရံသားဖွားဆရာမ(၁)ဦးရှိပါသည်။ ကျေးရွာနှင့်(၁)မိုင်ခန့် ဝေးသည့် သဘွတ်ကျေးရွာအုပ်စုတွင် ကျေးလက်ဆေးပေးခန်းရှိပါသည်။ ကျေးရွာအတွင်းရိုးရိုးဖျားနာသူများအတွက် အဆင်ပြေမှု

များရရှိပြီး အရေးပေါ်ကျန်းမာရေးကုသမှုအတွက် မြို့နယ်/ခရိုင်ပြည်သူ့ဆေးရုံသို့ သွားရောက်၍ကုသကြရပါသည်။ ကျေးရွာတွင်ကျန်းမာရေးနှင့်ပတ်သက်၍ ရာသီအလိုက် ကာကွယ်ဆေးထိုးခြင်း၊ ကျန်းမာရေးနှင့်ပတ်သက်၍ အသိပညာပေးခြင်း ဟောပြောပွဲများလည်း ပြုလုပ်ပေးလျှက်ရှိပါသည်။ ကျေးရွာတွင်သွေးလွန်တုပ်ကွေးရောဂါ၊ သွေးတိုး၊ ဆီးချိုရောဂါနှင့် ဝမ်းပျက် ဝမ်းလျှောရောဂါဖြစ်ပွားမှုများရှိပါသည်။

ဝန်ဖို့ကျေးရွာတွင် လက်ငင်ရေတွင်း(၁၅)တွင်းရှိပြီး သုံးစွဲရန်အတွက်သာ အသုံးပြုကြပါသည်။ အဝီစိတွင်း(၁၂)တွင်းရှိပြီး(၃)တွင်းသာ ရေထွက်ကောင်းပါသည်။ ၎င်းတွင်းတို့မှသောက်သုံးရေအဖြစ်အသုံးပြုကြပါသည်။ အချို့အိမ်ထောင်စုများမှာ ရေတွင်းမှ သွားရောက်ခပ်ယူအသုံးပြုနေရသည့်အတွက် အချိန်ကုန်လူပင်ပန်းသည့်အတွက် အိမ်သွယ် ရေတိုင်စနစ်ထူထောင်လိုကြပါသည်။ ကျေးရွာတွင်သန့်ရှင်းသောယင်လုံအိမ်သာသုံးစွဲမှုမှာ (၂၃၇) အိမ်ရှိပါသည်။ မသန့်ရှင်းသောအိမ်သာသုံးစွဲမှုများမှာ (၁၄) အိမ်ရှိပါသည်။

## ၈။ဘေးန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ဝန်ဖို့ကျေးရွာတွင် ယခုလက်ရှိအချိန်အထိ သဘာဝဘေးအန္တရာယ် ကျရောက်မှု မရှိပါ။ သို့ရာတွင်မိုးရွာသွန်းမှုများသည့်အချိန်တွင် ရေကြီးမှုများဖြစ်ပေါ်လျက် ရှိပါသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်သည့် အသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးရန်လိုအပ်နေပါသည်။ ထိုမှသာလျှင်ကျေးရွာသူ ကျေးရွာသားများသည် ကောင်းကျိုး၊ ဆိုးကျိုးကိုခွဲခြားတတ်လာပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းများကို တက်ကြွစွာပါဝင်လုပ်ဆောင်လာမည်ဖြစ်ပါသည်။

## ၉။ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ

ဝန်ဖို့ကျေးရွာတွင် အလုပ်လုပ်နိုင်သောအမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် များပါသည်။ ကျေးရွာရှိအဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်မှုနှုန်းမှာ အလွန်ပင် နည်းပါးပါသည်။ ကျေးရွာရှိအုပ်ချုပ်ရေးနှင့်လူမှုရေးအသင်းအဖွဲ့များတွင် အမျိုးသမီးများ သည်အမျိုးသားများနှင့်တန်းတူပါဝင်လုပ်ဆောင်လာမည်ဆိုလျှင် ကျေးရွာသည် မုချကေန် တိုးတက်ပြောင်းလဲလာပါမည်။ အမျိုးသမီးများ၏ စိတ်ဓာတ်အရည်အသွေးကို မြင့်တင် ပေးပြီးကျေးရွာရှိစီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးအသင်းအဖွဲ့များတွင် အမျိုးသမီးများ ပိုမိုပါဝင်လာစေရန် ဖိတ်ခေါ်ရမည်ဖြစ်ပါသည်။ အမျိုးသမီးရေးရာအကြမ်းဖက်မှုများ၊ ဥပဒေနှင့်တရားမျှတမှု ဆိုင်ရာများအတွက် အသိအမြင်မရှိသဖြင့် ပညာပေးသင်တန်းများ၊ ဟောပြောပွဲများပြုလုပ်ရန်လိုအပ်နေပါသည်။

၁၀။ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စုအမည် - ကျောက်ဖျာ | | | ကျေးရွာအမည် - ဝန်ဖို့ | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| ၁ | ကျေးရွာအခြေခံအဆောက်အအုံ များဖွံ့ဖြိုးရေး | ကျေးလက် လမ်းတံတား | **ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် Box Culvert(၄)စီးတည်ဆောက်ခြင်း** | ပဉ္စမ ဦးစားပေး |
| ၂ | ကျေးရွာအခြေခံအဆောက်အအုံ များဖွံ့ဖြိုးရေး | ကျေးလက် လမ်းတံတား | **ကျေးရွာတွင်းမြေသားလမ်းခင်းခြင်းနှင့်ဝါးထရံမြေတားပြုလုပ်ခြင်း** | ဒုတိယ ဦးစားပေး |
| ၃ | ကျေးရွာအခြေခံအဆောက်အအုံ များဖွံ့ဖြိုးရေး | ကျေးလက် လမ်းတံတား | ကျေးရွာတွင်းလမ်းအား ကွန်ကရစ်လမ်းသို့အဆင့်မြှင့်တင်ခြင်း။ | စတုတ္ထ ဦးစားပေး |
| ၄ | ကျေးရွာအခြေခံအဆောက်အအုံ များဖွံ့ဖြိုးရေး | သောက်သုံးရေ | စိမ့်ရေတွင်း၊ ရေကန်၊ရေစက်ရုံ၊ရေပိုက်သွယ်တန်းခြင်း | |
| ၅ | ကျေးရွာအခြေခံအဆောက်အအုံ များဖွံ့ဖြိုးရေး | သောက်သုံးရေ | ကျွဲ၊ နွားသောက်သုံးသည့်ရေကန်ပြုပြင်ခြင်း | ပထမ ဦးစားပေး |
| ၆ | ကျေးရွာအခြေခံအဆောက်အအုံ များဖွံ့ဖြိုးရေး | တာတမံ | ဒီရေတားတမံတည်ဆောက်ခြင်း၄၅၀၀၀’ | တတိယ ဦးစားပေး |
| ၇ | ကျေးရွာအခြေခံအဆောက်အအုံ များဖွံ့ဖြိုးရေး | ကျောင်းအဆောက်အဦ၊ | စာသင်ကျောင်းတွင် ပြတင်း၊တံခါးပြုပြင်ခြင်း။ | |
| ၈ | ကျေးရွာအခြေခံအဆောက်အအုံ များဖွံ့ဖြိုးရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ | စာသင်ကျောင်းအိမ်သာပြုပြင်ခြင်း။ | |
| ၉ | ကျေးရွာအခြေခံအဆောက်အအုံ များဖွံ့ဖြိုးရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ | စာသင်ကျောင်းခြံစည်းရိုးကာရံခြင်း။ | |

| ကျေးရွာအုပ်စုအမည် – ကျောက်ဖျာ | | | ကျေးရွာအမည် – ဝန်ဖို | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| ၁၀ | ကျေးရွာအခြေခံအဆောက်အအုံများဖွံ့ဖြိုးရေး | မဟာဓာတ်အားလိုင်း | လျှပ်စစ်မီး ချိတ်ဆက်သွယ်တန်းရန် (၂၄)နာရီမီးလင်းရေး | |
| ၁၁ | သွင်းအားစုများနှင့်ငွေကြေးဝန်ဆောင်မှုများထောက်ပံ့ကူညီခြင်း | စက်ကိရိယာ | လယ်ယာသုံးစက်ကိရိယာ(ရိတ်သိမ်းစက်) | |
| ၁၂ | သွင်းအားစုများနှင့်ငွေကြေးဝန်ဆောင်မှုများထောက်ပံ့ကူညီခြင်း | ငွေကြေး | စိုက်ပျိုးစရိတ်ချေးငွေ | |
| ၁၃ | သွင်းအားစုများနှင့်ငွေကြေးဝန်ဆောင်မှုများထောက်ပံ့ကူညီခြင်း | အသေးစား | မြစိမ်းရောင်ကျေးရွာစီမံကိန်း | |
| ၁၄ | သွင်းအားစုများနှင့်ငွေကြေးဝန်ဆောင်မှုများထောက်ပံ့ကူညီခြင်း | ထောက်ပံ့မှု | ဓါတ်မြေသြဇာပံ့ပိုးခြင်း | |
| ၁၅ | သွင်းအားစုများနှင့်ငွေကြေးဝန်ဆောင်မှုများထောက်ပံ့ကူညီခြင်း | ထောက်ပံ့မှု | မျိုးစပါးပံ့ပိုးခြင်း | |
| ၁၆ | အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးနှင့်ကျေးရွာစီးပွားရေးမြင့်မားစေခြင်း | ငွေကြေး | ကျေးလက်စီးပွားရေးမြှင့်မားရေးရန်ပုံငွေထူထောင်ခြင်း။(RBF) | |
| ၁၇ | အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးနှင့်ကျေးရွာစီးပွားရေးမြင့်မားစေခြင်း | သက်/မွေးသင်တန်း | အသက်မွေးဝမ်းကျောင်းသင်တန်း(အပ်ချုပ်စက်) | |
| ၁၈ | အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးနှင့်ကျေးရွာစီးပွားရေးမြင့်မားစေခြင်း | သက်/မွေးသင်တန်း | အသက်မွေးဝမ်းကျောင်းသင်တန်း(စက်ပြင်သင်တန်း) | |
| ၁၉ | အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုး | သက်/မွေးသင်တန်း | စားသောက်ကုန်သင်တန်း | |

| ကျေးရွာအုပ်စုအမည် – ကျောက်ဖျာ | | | ကျေးရွာအမည် – ဝန်ဖို့ | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| | ရေးနှင့်ကျေးရွာစီးပွားရေးမြင့်မား စေခြင်း | | | |
| ၂၀ | အသင်းအဖွဲ့များခိုင်မာအား ကောင်းစေခြင်းနှင့်နည်းပညာ ဖြန့်ဖြူးခြင်း | စိုက်ပျိုးရေး | စံပြစိုက်ကွက် | |
| ၂၁ | အသင်းအဖွဲ့များခိုင်မာအား ကောင်းစေခြင်းနှင့်နည်းပညာ ဖြန့်ဖြူးခြင်း | ပညာပေးသင်တန်း | စိုက်ပျိုးရေးနည်းပညာပေးသင်တန်း | |
| ၂၂ | အသင်းအဖွဲ့များခိုင်မာအား ကောင်းစေခြင်းနှင့်နည်းပညာ ဖြန့်ဖြူးခြင်း | ပညာပေးသင်တန်း | မွေးမြူရေးနည်းပညာပေးသင်တန်း | |
| ၂၃ | လူမှုကာကွယ်စောင့်ရှောက်ရေး | ကလေးသူငယ်အခွင့်အရေး | အမျိုးသမီး၊ ကလေးသူငယ်အခွင့်အရေးနှင့်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ သင်တန်း | |
| ၂၄ | လူမှုကာကွယ်စောင့်ရှောက်ရေး | ထောက်ပံ့မှု | သက်ကြီးရွယ်အိုများအားငွေကြေးထောက်ပံ့ခြင်းအသက်(၈၅)နှစ်အထက် | |
| ၂၅ | လူမှုကာကွယ်စောင့်ရှောက်ရေး | ကျား/မရေးရာ | ကျား/မရေးရာအသိပညာပေးသင်တန်း | |
| ၂၆ | သဘာဝပတ်ဝန်းကျင်ကာကွယ် ထိန်းသိမ်းရေး | သက်မွေးသင်တန်း | ကျေးရွာအဆင့်ခေါင်းဆောင်မှုနှင့်အစိမ်းရောင်ကျေးလက်ဒေသဖွံ့ဖြိုးရေး ပညာပေးဆွေးနွေးခြင်း | |
| ၂၇ | သဘာဝပတ်ဝန်းကျင်ကာကွယ် ထိန်းသိမ်းရေး | ပညာပေးသင်တန်း | စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ် အသိပညာပေးဆွေးနွေးခြင်း | |

နောက်ဆက်တွဲ (၁)

## ဝန်ဖို့ကျေးရွာ၊ကျောက်ဖျာကျေးရွာအုပ်စု၊ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးမြင့်ဝင်း | ဦးသန်းရွှေ | ၆/မအရ(နိုင်)၀၆၃၆၈၁ | ၄၃ | ဥက္ကဌ | ၀၉၂၅၉၆၅၅၉၈၃ |
| ၂ | ဒေါ်ငွေးငွေးမြင့် | ဦးသက်ကြည် | ၆/မအရ(နိုင်)၀၆၅၄၃၈ | ၅၀ | အတွင်းရေးမှူး | ၀၉၂၅၂၀၄၆၆၀၅ |
| ၃ | ဦးသောင်းညွန့် | ဦးစောကြည် | ၆/မမန(နိုင်)၁၁၇၀၈၂ | ၃၈ | ဘဏ္ဍာရေးမှူး | - |
| ၄ | ဒေါ်ဖြူပြာစိုး | ဦးမျိုးငယ် | ၆/မမန(နိုင်)၂၂၃၉၆၂ | ၂၅ | စာရင်းကိုင် | ၀၉၂၅၆၂၂၆၃၉၅ |
| ၅ | ဦးကျော်စိုး(ခ)ဦးစိုးဘု | ဦးဘဒင် | ၆/မအရ(နိုင်)၁၀၅၂၆၂ | ၄၃ | အဖွဲ့ဝင် | - |
| ၆ | ဒေါ်အေးကြူ | ဦးမောင်ရှည် | ၆/မမန(နိုင်)၂၁၅၈၉၃ | ၅၁ | အဖွဲ့ဝင် | ၀၉၂၆၂၈၅၇၃၈၃ |
| ၇ | ဦးကျော်စိုး | ဦးကျော်စိန် | ၆/မအရ(နိုင်)၁၀၆၅၈၆ | ၄၆ | အဖွဲ့ဝင် | ၀၉၂၅၁၁၄၅၂၉၈ |
| ၈ | ဦးဆန်းဝင်း | ဦးသန်းရွှေ | ၆/မမန(နိုင်)၁၈၉၉၁၄ | ၃၅ | အဖွဲ့ဝင် | ၀၉၂၆၂၇၅၃၄၇၄ |
| ၉ | ဒေါ်မေမေထား | ဦးအောင်ဝင်း | ၆/မအရ(နိုင်)၁၀၂၁၅၁ | ၄၀ | အဖွဲ့ဝင် | - |

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ**

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များssa**

**ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၆ | ၅ | ၁၁ | | ၁ |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၃၅ | ၃၈ | ၇၃ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၃၁ | ၄၀ | ၇၁ | ၁ | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၃၃ | ၄၁ | ၇၄ | ၂ | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၃၅၇ | ၃၆၄ | ၇၂၁ | | ၁ |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၃၄ | ၄၀ | ၇၄ | ၁ | ၂ |
| စုစုပေါင်း | | ၄၈၂ | ၅၁၄ | ၁၀၂၄ | ၄ | ၄ |
| စုစုပေါင်း အိမ်ထောင်စု | | ၂၄၂ | | | | |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။။။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက်(၁)နှစ်မပြည့်မီအရွယ်၊၁နှစ်မှ၄နှစ်ဆိုသည်မှာအသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀) နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီ အရွယ်၊ ၁၅နှစ်မှ ၆၄နှစ်ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။**

**လေ့လာတွေ့ရှိချက်။** ။ဝန်ဖို့ကျေးရွာတွင် အိမ်ထောင်စုပေါင်း(၂၄၂)အိမ်ရှိပြီး လူဦးရေပေါင်း(၁၀၂၄)ဦး ရှိပါသည်။ကျေးရွာတွင်အလုပ်မလုပ်နိုင်သည့်တစ်နှစ်အောက်နို့စို့အရွယ်(၁%)၊၅နှစ်အောက်ကလေးအရွယ်(၇%)၊မူလတန်းကျောင်းသားအရွယ်(၇%)၊ အလယ်တန်းကျောင်းသားအရွယ်(၇%)၊ သက်ကြီးရွယ်ကြီးအရွယ်(၇%)ရှိပါသည်။ ပျမ်းမျှအနေဖြင့်အလုပ်မလုပ်နိုင်သည့်လူဦးရေသည်တစ်ရွာလုံးရှိလူဦးရေ၏(၃၀%)နှင့်အလုပ်လုပ်နိုင်သည့်အရွယ်ကျား (၃၄၃)ဦး၊မ(၃၅၀)ဦးစုစုပေါင်း(၇၂၁)ဦးရှိပြီးတစ်ရွာလုံးလူဦးရေ၏(၇၀%)ရှိပါသည်။ပျမ်းမျှတစ်အိမ်ထောင်လျှင်(၄)ဦးနှုန်း ရှိသောကြောင့်ကျေးလက်အိမ်ထောင်စု၏အမျိုးသားအဆင့်ပျမ်းမျှတစ်အိမ်ထောင်လျှင်(၅)ဦးနှုန်းထက်**လျော့နည်း**နေပါ သည်။ကျေးရွာအတွင်းအလုပ်လုပ်နိုင်သောလူဦးရေများပြားမှုကြောင့်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်လူသားအရင်း အမြစ်ကောင်းများအဖြစ်ထောက်ပံ့မှုပေးနိုင်ပါသည်။ ကျေးရွာတွင်မသန်စွမ်းသည့်ကျား(၄)ဦးနှင့်မ(၄)ဦးရှိပါသည်။ ကျေးရွာတွင် သက်ကြီးရွယ်အို(၈၅)နှစ် အထက် (၇)ဦးအား ငွေကြေးထောက်ပံ့သည့် အစီအစဉ်ကို လူမှုဝန်ထမ်း ဦးစီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၈၅ | ၁၁၁ | ၁၀ | ၅၈ | ၅၃ | ၁၉ | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၆ | ၁၃ | | ၁၀ | ၃ | ၂၈ | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁ | ၄ | | ၁ | ၃ | | မြင့် ☑ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၆၅ | ၁၉၁ | ၄ | ၁၈၀ | ၁၁ | ၄၅ | မြင့် ☑ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၄ | သစ်တောလုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | | | | |
| ၅ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | ထုတ်ကုန်လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၇ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၂ | ၂ | | ၂ | | ၃ | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၉ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁ | ၁ | | ၁ | | ၅ | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | | ၁ | | ၃ | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | လက်လီ- လက်ကား ရောင်းဝယ်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၇ | ၁၃ | | ၂ | ၁၁ | ၁၈ | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | | | | |
| | ကိုယ်ပိုင် | ၁ | ၁ | | ၁ | | ၅ | မြင့် ☐ လတ်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ<u>တစ်ခု</u> <u>ကိုသာ</u>ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | လုပ်ငန်း | | | | | | | နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | | ၁ | | ၃ | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| ၁၇ | ပညာရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၈ | ကျန်းမာရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | ၁ | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၁၉ | လူမှုရေး လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက်အလုပ်သမား | ၇၂ | ၈၁ | ၁၀ | ၅၈ | ၂၃ | ၆၇ | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **စုစုပေါင်း** | ၂၆၂ | ၄၁၉ | ၂၆ | ၃၁၅ | ၁၀၄ | ၁၇၇ | ☒ |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။။"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"**အရေအတွက်တွင်**"မိသားစုဝင်လုပ်အား"ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)"** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင်ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ဝန်ဖို့ကျေးရွာတွင်စိုက်ပျိုးရေးလုပ်ငန်းများအားအဓိကထားလုပ်ကိုင်သောအိမ်ထောင်စု (၈၅) စုနှင့်လုပ်သားအဖြစ် လုပ်ကိုင်သော အိမ်ထောင်စု(၆)စုရှိပြီး၊ ရေလုပ်ငန်းကိုလုပ်ကိုင်သည့်အိမ်ထောင်စု(၆၅)စု တိရိစ္ဆာန်မွေးမြူရေးတွင် လုပ်ကိုင်သည့်အိမ်ထောင်စု(၁)စုနှင့်စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းဖြစ်သည့်စက်ကိရိယာပြင်ဆင်သည့်လုပ်ငန်းလုပ်ကိုင်သည့်အိမ်ထောင်စု(၁)စုရှိပါသည်။ ထို့ပြင် ဆောက်လုပ်ရေးလုပ်ငန်း၊ လက်သမား၊ ပန်းရံလုပ်ငန်း၊ စက်ပြင်လုပ်ငန်း၊ အလှပြင်ဆိုင်၊ အပ်ချုပ်ဆိုင်၊ ဈေးဆိုင်ဖွင့်ရောင်းချခြင်း၊ လယ်ယာထွက်ကုန်နှင့် ရေလုပ်ငန်းထွက်ကုန်များအား ရောင်းဝယ်ဖောက်ကားကြသည့်အိမ်ထောင်စုများလည်းရှိပါသည်။ ပြည်ပတွင်သွားရောက်လုပ်ကိုင်သူများမှမှီခိုရသည့်အိမ်ထောင်စု(၇)စုရှိပါသည်။ လုပ်သားအင်အားပေါများသည့်အတွက်အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးရန်လိုအပ်လျက်ရှိပါသည်။

**(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၁၅၀၀၀ | ၇၀၀၀ | ၁၀၀၀၀ | ၅၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | ၇၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၅၀၀၀ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | ၈၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၅၀၀၀ |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း | နေ့စား | ၈၀၀၀ | | ၇၀၀၀ | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၀၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၆၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**

**မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ[illegible]၂၂.၇၅)**

**(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ[illegible]၈)**

**လေ့လာတွေ့ရှိချက်။** ။ဝန်ဖို့ကျေးရွာတွင်အများဆုံးလုပ်ငန်းအဖြစ်**လယ်ယာ**စိုက်ပျိုးရေးလုပ်ငန်း**လုပ်ကိုင်သည့်**အိမ်ထောင်စုအများစုကလုပ်သားအဖြစ်လုပ်ကိုင်သူများပါသည်။ **၎င်း**လုပ်ငန်းတွင် အမျိုးသား(**၁**၅၀၀၀မှ၁၀၀၀၀)၊ အမျိုးသမီး(**၇**၀၀၀,၅၀၀၀)ကျပ်ရရှိပါသည်။ တိရစ္ဆာန်မွေးမြူရေးတွင်လုပ်ကိုင်သည့် အမျိုးသား(၈၀၀၀,၆၀၀၀)၊ အမျိုးသမီး(၅၀၀၀,၄၀၀၀)၊ ငါးလုပ်ငန်းတွင်လုပ်ကိုင်သည့်အမျိုးသား(၈၀၀၀,၆၀၀၀), အမျိုးသမီး(၅၀၀၀,၅၀၀၀) ဆောက်လုပ်ရေးလုပ်ငန်းတစ်နေ့တွင် အမျိုးသား(၁၀၀၀၀မှ၇၀၀၀) အမျိုးသမီး(**၈**၀၀၀,၆၀၀၀)ကျပ် ရရှိပါသည်။ **ကျေးရွာတွင်အလုပ်အကိုင်ရှားပါးသည့်အတွက် ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်သည့် အိမ်ထောင်စု**အချို့ရှိပါသည်။ **ထို့ကြောင့်ကျေးရွာတွင် အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးရန်နှင့် စက်ရုံအလုပ်ရုံများ ဆောင်ရွက်ပေးရန်လိုအပ်လျက်ရှိပါသည်။**

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| လယ်မြေ | ၁၆၀၀ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၁၁၆ | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၁၀၄ | ကောင်း ☑ သင့် ☐ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဓနိတောမြေ | ၂၂ | ကောင်း ☐ သင့် ☐ ညံ့ ☑ |
| စားကျက်မြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| မြေလွတ်မြေလပ် | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စုစုပေါင်း | ၁၈၄၂ | ☒ |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။။မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့်စွန့်လွှတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့်နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။**

**လေ့လာတွေ့ရှိချက်။။ ဝန်ဖိုကျေးရွာတွင်**စိုက်ပျိုးမြေအများစုမှာ**လယ်မြေ**၊ ဥယျာဉ်ခြံမြေ၊ တောင်ယာမြေ**နှင့်ဓနိတောမြေ**များဖြစ်ပါသည်။ **စပါးကိုအဓိကစိုက်ပျိုးကြပါသည်။** ဥယျာဉ်ခြံမြေနှင့်တောင်ယာမြေများတွင် ရာဘာနှင့်ကွမ်းသီးကို အဓိကထားစိုက်ပျိုးကြပါသည်။ **ဓနိတောမြေမှဓနိဖက်လုပ်ငန်းနှင့်ဓနိပျားထုတ်လုပ်သည့်လုပ်ငန်းသာရှိပါသည်။**မြေဆီလွှာအရည်အသွေးသည်အသင့်တင့်သောအခြေအနေတွင်ရှိပါသည်။ရာသီစာသီးနှံ (ဆောင်းသီးနှံ)များကိုလည်းတစ်ပိုင်တစ်နိုင်စိုက်ပျိုးကြပါသည်။ လယ်ယာမြေများတွင်ဆားငန်ရေဝင်ရောက်ခြင်းများရှိသည့်အပြင် ရာသီအလိုက်ပိုးမွှားရောဂါကျရောက်ခြင်းများရှိသည့်အတွက်နည်းပညာပေးသင်တန်းများပို့ချပေးခြင်းစသည်တို့ပြုလုပ်ရန်လိုအပ်နေပါသည်။

(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။) | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| ကျောက်၊သဲ၊ကျောက်စရစ်စသည်များ | များ ☐ သင့်☐ နည်း ☐မရှိ ☑ | လွယ် ☐ ခက်☐အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး☑အပြောင်းအလဲမရှိ ☐ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့်☑ နည်း ☐ မရှိ ☐ | လွယ် ☐ ခက်☑အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☑ အပြောင်းအလဲမရှိ ☐ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | ☒ | လျော့ ☐ တိုး ☑ အပြောင်းအလဲမရှိ ☐ |
| ရေ - မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း) | များ ☐ သင့်☑ နည်း ☐ မရှိ ☐ | လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☑ အပြောင်းအလဲမရှိ ☐ |
| ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း) | များ ☑ သင့်☐ နည်း ☐ မရှိ ☐ | လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☑ အပြောင်းအလဲမရှိ ☐ |
| သစ်တော - အပူပိုင်းသစ်တော | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| သစ်တော - ဒီရေတောများ | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☑ အပြောင်းအလဲမရှိ ☐ |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။ ။ဝန်ဖို့ကျေးရွာတွင်ကျောက်၊သဲ၊ကျောက်စရစ်ထွက်ရှိမှုနှင့်သတ္တုနှင့်အခြားတွင်းထွက်သယံဇာတ**

**များထွက်ရှိမှုမရှိပါ။** သဘာဝတိရစ္ဆာန်မျိုးစိတ်များထွက်ရှိမှု၊ သဘာဝအပင်မျိုးစိတ်များ၊ မြေအောက်ရေထွက်ရှိမှုနှင့်မြေပေါ်ရေထွက်ရှိမှုများသည် ကျေးရွာတွင်အသင့်တင့်ထွက်ရှိပြီး မလုံလောက်သည့်အချိန်တွင် အခြားကျေးရွာများမှ ဝယ်ယူအသုံးပြုကြပါသည်။

**(ဃ) ဥစ္စာဓနအဆင့်အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ**

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့်ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေးလုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၃၇ | ၆၀ | ၆၃ | ၅၂ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ဝန်ဖို့ကျေးရွာတွင်အိမ်ထောင်စုအများစုသည်မပြေလည်သောအိမ်ထောင်စုများဖြစ်ကြပါသည်။ ကျေးရွာသူ/သားအများစုသည် လယ်ယာစိုက်ပျိုးရေးနှင့်ခနီဖက်လုပ်ငန်းလုပ်ကိုင်သူများပါသည်။ သို့ရာတွင် ကျေးရွာအတွင်းဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မည်ဆိုပါက ကျေးရွာသူ/သားများအနေဖြင့် လုပ်အားအလှူဖြင့် ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(င)   ထိခိုက်လွယ်မှု

(င-၁)  ဝမ်းစာဖူလုံမှု

ဇယား (၇) ဈေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စုအရေအတွက် | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| ၃လအောက်ဝမ်းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ဈေးယူ = ___________<br>လုပ်အားခကြိုယူ = ___________ |
| ၃လနှင့်၆လကြားဝမ်းစာဖူလုံမှု | ၄၄ | ၁၁ | အခြားအစာပြောင်းလဲစား = ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ဈေးယူ = ________၄၄_____<br>လုပ်အားခကြိုယူ = ___________ |
| ၆လမှ၁၂လအထိဝမ်းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ဈေးယူ = ___________<br>လုပ်အားခကြိုယူ = ___________ |

**ရင်းမြစ်..ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။**

**လေ့လာတွေ့ရှိချက်။** ။ဝန်ဖို့ကျေးရွာတွင်ဝမ်းစာဖူလုံမှုအနေဖြင့်အိမ်ထောင်စု(၁၄၅)စုကိုစစ်တမ်းကောက်ယူခဲ့ပါသည်။ စစ်တမ်းကောက်ယူမှုအရဈေးငွေယူသည့်အိမ်ထောင်စု(၄၄)စုရှိပါသည်။ထိုအိမ်ထောင်စု (၄၄)စုထဲတွင် အမျိုးသမီး

ဦးဆောင်သည့်အိမ်ထောင်စု(၁၁)စုပါဝင်ပါသည်။ချေးငွေယူ၍ မိသားစုစားဝတ်နေရေး အတွက်ဖြေရှင်းကြရပါသည်။

**(င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

**ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက် | | | |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | | | |
| | အိမ်ထောင်စုအရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု | | | |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ဝန်ဖို့ကျေးရွာတွင်မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုနှင့်မသန်စွမ်းသည့်ပုဂ္ဂိုလ်များမရှိပါ။အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု(၂၄)စုရှိပါသည်။ကျေးရွာတွင်မသန်စွမ်းသည့်သက်ကြီးရွယ်ကြီး(၃)ဦး၊ မသန်စွမ်းသည့်ကလေးအရွယ်(၃)ဦးနှင့်မသန်စွမ်းသည့်သက်လတ်အရွယ်(၁)ဦးရှိပါသည်။ ၎င်းအိမ်ထောင်စုများမှာလည်းဆင်းရဲ၍အငှားအလုပ်သမားအဖြစ်ကျပန်းလုပ်ငန်းလုပ်ကိုင်သည့်အိမ်ထောင်စုများဖြစ်ကြပါသည်။

**(င-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ**

**ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ**

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | မြစ်ရေကြီးမှု | | ✓ | | | | ✓ |
| ၂ | လျှပ်တပြက်ရေကြီးခြင်း | ✓ | | | | | ✓ |
| ၃ | မုန်တိုင်းဒီရေ | ✓ | | | | | ✓ |
| ၄ | ဆူနာမီ | ✓ | | | | | ✓ |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| ၅ | တိုင်ဖုန်းမုန်တိုင်း | ✓ | | | | | ✓ |
| ၆ | လေဆင်နှာမောင်း | ✓ | | | | | ✓ |
| ၇ | လျှပ်စီး | ✓ | | | | | ✓ |
| ၈ | အပူလှိုင်း | ✓ | | | | | ✓ |
| ၉ | စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု | | | ✓ | ✓ | | |
| ၁၀ | အအေးလှိုင်း | ✓ | | | | | ✓ |
| ၁၁ | မိုးသီးကြွေကျမှု | ✓ | | | | | ✓ |
| ၁၂ | မိုးခေါင်ခြင်း | ✓ | | | | | ✓ |
| ၁၃ | တောမီးလောင်ခြင်း | ✓ | | | | | ✓ |
| ၁၄ | မြစ်ကမ်းပါးပြိုခြင်း | ✓ | | | | | ✓ |
| ၁၅ | ကမ်းရိုးတန်းတိုက်စားမှု | ✓ | | | | | ✓ |
| ၁၆ | မြေပြိုခြင်း | ✓ | | | | | ✓ |
| | လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁၇ | စားနပ်ရိက္ခာမဖူလုံမှု | ✓ | | | | | ✓ |
| ၁၈ | သဘာဝအရင်းအမြစ်ရှားပါးမှု(မြေ၊ရေ) | ✓ | | | | | ✓ |
| ၁၉ | မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း | | ✓ | | ✓ | | |
| ၂၀ | သစ်တောပြုန်းတီးခြင်း | ✓ | | | | | ✓ |
| ၂၁ | ငှက်ဖျားရောဂါ | ✓ | | | | | ✓ |
| ၂၂ | တီဘီရောဂါ | ✓ | | | | | ✓ |
| ၂၃ | ကိုယ်ခံအားကျဆင်းမှုရောဂါ | ✓ | | | | | ✓ |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| ၂၄ | ကပ်ရောဂါ | | ✓ | | ✓ | | |
| ၂၅ | ပြည်တွင်းပဋိပက္ခ | ✓ | | | | | ✓ |
| ၂၆ | တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု | | ✓ | | ✓ | | |
| ၂၇ | လူကုန်ကူးခြင်း | ✓ | | | | | ✓ |
| ၂၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ေ ေးခက်ခဲခြင်းစသည် | ✓ | | | | | ✓ |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။

**မှတ်ချက်။** ။ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ရေကြီးခြင်း၊မိုးခေါင်ခြင်းစသည့်အခြေအနေများဖြစ်ပေါ်ခြင်းရှိပါကယင်းဖြစ်စဉ်များအတွက်ကျေးရွာသူရွာသားများထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား ။ထိခိုက်မှုရှိပါက ကျေးရွာ၏မည်သို့သောအိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှထိခိုက်သက်ရောက်မှုခံစားကြရပါသလဲ။ (ဥပမာ။။အိမ်ထောင်စု၁၀၀တွင်၂၅အိမ်ထောင်စုအောက် – နိမ့် အိမ်ထောင်စု၁၀၀တွင်၂၅မှ၅၀အိမ်ထောင်စု – လတ်အိမ်ထောင်စု၁၀၀တွင်၅၀အိမ်ထောင်စုအထက် – မြင့်)

**လေ့လာတွေ့ရှိချက်။** ။ဝန်ဖို့ကျေးရွာတွင်ထိခိုက်သက်ရောက်လွယ်မှုအခြေအနေအရစိုက်ပျိုးမြေများတွင် ရေငံဝင်ရောက်မှုနှင့် မြစ်ရေကြီးသည့်ဖြစ်စဉ်များရံဖန်ရံခါဖြစ်ပေါ်လျက်ရှိပါသည်။ လူကြောင့်ဖြစ်သည့် ဘေးအန္တရာယ်များအနေဖြင့် မြေဆီလွှာပျက်စီးခြင်း၊ သစ်တောပြုန်းတီးခြင်းနှင့် တိရစ္ဆာန်ကူးစက်ရောဂါ ကျရောက်မှုများ ဖြစ်ပေါ်လျက်ရှိသည့်နည်းပညာပေးသင်တန်းများဖွင့်လှစ်ပို့ချရန်လယ်ယာမြေများတွင် ဆားငံရေဝင်သည့်အတွက် ဒီရေတာအတမံတည်ဆောက်ရန် လိုအပ်လျက်ရှိပါသည်။

**(င-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ**

**ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ**

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | လူငယ် | ✓ | | | | | ✓ |
| ၂ | အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု | | ✓ | | | | ✓ |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၃ | ဆင်းရဲသားတောင်သူ | | ✓ | | | | |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ | ✓ | | | | | ✓ |
| ၅ | ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ | ✓ | | | | | ✓ |
| ၆ | မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ | ✓ | | | | | ✓ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP) | ✓ | | | | | ✓ |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | ✓ | | | | | ✓ |
| ၉ | ငါးကန်ပိုင်ရှင်များ | ✓ | | | | | ✓ |
| ၁၀ | လက်လုပ်လက်စားများ၊ကျပန်းများ | | | ✓ | ✓ | | |
| ၁၁ | လူနည်းစုလူမျိုးများ | ✓ | | | | | ✓ |
| ၁၂ | ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ | ✓ | | | | | ✓ |
| ၁၃ | နယ်စပ်ဒေသတွင်နေထိုင်သူများ | ✓ | | | | | ✓ |
| ၁၄ | ရွှေတွင်းလုပ်သားများ | | ✓ | | | | ✓ |
| ၁၅ | လှည့်လည်သွားလာ၍စျေးရောင်းသူများ | ✓ | | | | | ✓ |
| ၁၆ | နေရပ်ပြန်အခြေချသူများ | ✓ | | | | | ✓ |
| ၁၇ | ရွှေ့ပြောင်းလုပ်သားများ | | ✓ | | | | ✓ |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁၈ | ကားမောင်းပြီးအသက်မွေးသူများ | ✓ | | | | | ✓ |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

**မှတ်ချက်။** ။ကျေးရွာရှိလူငယ်များ၊အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများစသည်တို့သည်မည်သို့သောအခြေအနေများတွင်လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ထိခိုက်မှုရှိပါကမည်မျှအထိထိခိုက်ကြပါသနည်း။

**လေ့လာတွေ့ရှိချက်။** ။ဝန်ဖို့ကျေးရွာတွင်ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများမှာဆင်းရဲ၍အမျိုးသမီးဦးဆောင်သောအိမ်ထောင်စု၊ **မသန်စွမ်းသည့်သက်ကြီးရွယ်ကြီးများ၊** ဆင်းရဲသားတောင်သူအများအပြားနှင့် လက်လုပ်လက်စားကျပန်းလုပ်သားများဖြစ်ပါသည်။ ထိုအိမ်ထောင်စုများအတွက် ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများဆောင်ရွက်ပေးရန်လိုအပ်လျက်ရှိပါသည်။

(၂) **ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ**

(က) **ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ**

(က-၁) **ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ**

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | ရပ်မိရပ်ဖအဖွဲ့ | ၁☐၂☑၃☐ | ၇ | | ၇ | ပညာရေး☐ငွေကြေး☑<br>ကျန်းမာရေး☐ဘာသာရေး☑<br>စိုက်ပျိုးမွေးမြူရေး☑<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း☑<br>သင့်☐<br>ညံ့☐ |
| ၂ | ပရဟိတအဖွဲ့ | ၁☐၂☑၃☐ | ၁၅ | ၇ | ၂၂ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☑ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း☑<br>သင့်☐<br>ညံ့☐ |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၃ | မိန်းမကြီးအဖွဲ့ | ၁☐၂☐၃☑ | ၀ | ၁၄ | ၁၄ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☑<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း☑<br>သင့်☐<br>ညံ့☐ |
| ၄ | ဂေါပကအဖွဲ့ | ၁☐၂☐၃☑ | ၇ | ၀ | ၇ | ပညာရေး☐ငွေကြေး☑<br>ကျန်းမာရေး☐ဘာသာရေး☑<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း☐<br>သင့်☑<br>ညံ့☐ |
| ၅ | ကာလသား/သမီးအဖွဲ့ | ၁☐၂☐၃☑ | ၂၅ | ၂၀ | ၄၅ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☑<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း☑<br>သင့်☐<br>ညံ့☐ |
| ၆ | နာရေးကူညီမှုအသင်း | ၁☐၂☐၃☑ | ၂၁ | ၁၈ | ၃၉ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☑<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း☑<br>သင့်☐<br>ညံ့☐ |
